# မြန်မာအလုပ်သမားဈေးကွက်

## နိဒါန်း

မြန်မာနိုင်ငံအလုပ်သမား ဈေးကွက်မှာ အခြေအနေရောထွေးနေသည်။ အလုပ်သမားသုံးပုံတစ်ပုံ (၃၃ %) ကျော်မှာ မိသားစုပိုင်လယ်ယာလုပ်ငန်းများရှိပြီး၊ အခြားလေးပုံတစ်ပုံ (၂၅%) မှာစိုက်ပျိုးရေးမဟုတ်သော မိသားစုပိုင် လုပ်ငန်းများရှိသည်။ ကျန်အလုပ်သမားများ၏ တစ်ဝက် (၂၁%) မှာ အသေးစားကုမ္ပဏီများတွင် အလုပ်လုပ်ကြပြီး၊ တခြားတစ်ဝက် (၂၁%) မှာပြည်တွင်းရှိ ကုမ္ပဏီကြီးများ၊  နိုင်ငံခြားကုမ္ပဏီများနှင့် အစိုးရလုပ်ငန်းများတွင် လုပ်ကိုင်နေကြသည်။ မြန်မာနိုင်ငံတွင် စိုက်ပျိုးရေးနှင့် ပတ်သက်သည့် လုပ်ငန်းခွင်များစွာရှိသဖြင့် အလုပ်လက်မဲ့ဦးရေမှာနည်းပါးသည်ဆိုသော်လည်း ယင်းလုပ်ငန်းခွင်များမှာ ရာသီအလိုက်သာရှိသည့် လုပ်ငန်းခွင်များဖြစ်သည်။ ယင်းကြောင့် ဝင်ငွေနည်းပြီး အာမခံချက်မရှိသော ကျပန်းအလုပ်အကိုင်များစွာကို ဖြစ်ပေါ်စေသည်။ Cunningham and Monoz, 2019)။

The labour market in Myanmar is a mixed picture. More than a third of workers own a family farm and another quarter own a non-agricultural household business. Of the rest, half work in small firms while the other half work in large, domestic or foreign firms and government jobs. The large number of agricultural jobs means that much work is seasonal although unemployment is negligible. This gives rise to a lot of casual employment which is uncertain and low paid (Cunningham and Monoz, 2019).

သို့သော်မြန်မာနိုင်ငံ အလုပ်သမားဈေးကွက်မှာ ဖွံ့ဖြိုးလာနေပြီး ပြည်တွင်း၊ပြည်ပကုမ္ပဏီကြီးများတွင် ဝင်ရောက်လုပ်ကိုင်ခွင့်များ ရှိလာပြီဖြစ်သည်။ သို့သော် ယင်းပြည်တွင်း၊ ပြည်ပကုမ္ပဏီကြီးများက အလုပ်သမားရွေးချယ်ခန့်ထားရာတွင် အလုပ်လျှောက်ထားသူများ၏ ကျွမ်းကျင်မှုနှင့်အတွေ့အကြုံရှိမှုများ အပြင် ယင်းအလုပ်သမားမှာ အဖွဲ့အစည်းတွင်ကျင့်သုံးနေသည့် ယုံကြည်ချက်၊မူဝါဒများနှင့် ကိုက်ညီမှုရှိမရှိ၊ အဖွဲ့အစည်းနှင့်အံဝင်မဝင်တို့ကိုလည်း ထည့်သွင်းစဉ်းစားကြသည် (Bruce, 2019)။

However, the labour market is maturing in Myanmar. Employers in the bigger foreign and domestic firms are becoming smart when selecting candidates for interview. They look into their experience and skills and consider whether the candidate is a good fit for the organisational culture (Bruce, 2019).

ပုဂ္ဂလိကလုပ်ငန်းများတွင် အလုပ်လျှောက်ထားမည်ဆိုပါက မိမိတွင်ရှိသော အတွေ့အကြုံ၊ အရည်အချင်းများ မှာသက်ဆိုင်ရာလုပ်ငန်းခွင်အတွက် သင့်တော်ကြောင်းကို အင်တာဗျူးမည့်သူ သဘောကျလက်ခံစေရေးမှာ အရေးကြီးလှသည်။ ယင်းသို့ဖြစ်စေရေးအတွက် အလုပ်ရှင်သဘောကျ နှစ်သက်ရန်မည်သို့လျှောက်ထားရမည် ဆိုသည့် နည်းစနစ်နှင့် မိမိလျှောက်ထားမည့် လုပ်ငန်းခွင်အကြောင်း သိရှိနားလည်ထားရန် အလွန်လိုအပ်သည်။

To become a convincing candidate when applying for jobs in the private sector, a candidate needs to know how to sell themselves to the employer and have a good understanding of the sector they are applying to. This report provides some brief insights into what employers in the Amarapura value and look for from their staff.

---

Bruce, S. (2019) A look at the 2020 job market. Online at: https://www.myworld.com.mm/blog/2019/12/a-look-at-the-2020-job-market

Cunningham, W and Monoz, R. (2019) Myanmar's Future Jobs: Embracing modernity. Online at: http://documents1.worldbank.org/curated/en/958621536141390299/pdf/129754-Myanmar-Future-Jobs-Main-Report-Final.pdf

## စစ်တမ်းကောက်ယူမှု

အလုပ် လျှောက်ထားရာတွင် လိုအပ်ချက်များပြင်ဆင်နိုင်ရန်နှင့် ပိုမိုကောင်းမွန်သောဆုံးဖြတ်ချက်များ ချနိုင်စေရန် အမရပူရမြို့နယ်နှင့် ပတ်ဝန်းကျင်ဒေသများရှိ လုပ်ငန်းအမျိုးအစား (၁၂) မျိုးမှ လုပ်ငန်းရှင် (၅၀) ဦးကို အလုပ်သမား ဈေးကွက် ဆိုင်ရာ စစ်တမ်းကောက်ယူခဲ့ပါသည်။ ယင်းစစ်တမ်းမှ ရရှိလာသော အချက်အလက်များကို ဤအစီရင်ခံစာ တွင်ဖော်ပြထားခြင်းဖြစ်ပါသည်။




လုပ်ငန်းရှင် (၅၀) ဦးအနက် ၇၈ ရာခိုင်နှုန်းမှာပုဂ္ဂလိကပိုင်၊ ၂၀ ရာခိုင်နှုန်းမှာ နိုင်ငံပိုင်အစိုးရဌာနများမှ တာဝန်ရှိသူများ ဖြစ်ပြီး ကျန် ၂ ရာခိုင်နှုန်းမှာ အကျိုးအမြတ်မယူ လုပ်ငန်းရှင်များက ပါဝင်ဖြေဆိုထားခြင်းဖြစ်သည်။

## လေ့လာတွေ့ရှိချက်များ

အလုပ်ရှင်များဘွဲ့ရများထံမှ မျှော်မှန်းထားသော အရည်အချင်းများမှာ

- ရိုးသားမှု၊ သစ္စာရှိမှု
- အချိန်လေးစားမှု
- တီတွင်ကြံဆနိုင်မှု၊ တွေးခေါ်ဖန်တီးနိုင်မှု
- ကြိုးစားသင်ယူလိုစိတ်ရှိခြင်း
- ICT နှင့် ကွန်ပျူတာကျွမ်းကျင်မှု
- စဉ်းစားဖြတ်ထိုးဉာဏ်ရှိပြီးပြဿနာဖြေရှင်းနိုင်မှု
- ပူးပေါင်းဆောင်ရွက်တတ်မှု
- တာဝန်ယူမှု၊ တာဝန်ခံမှု
- နိုင်ငံခြားဘာသာစကားပြောတတ်၊ ရေးတတ်ခြင်း
- ခေါင်းဆောင်နိုင်မှု၊ စီမံခန့်ခွဲနိုင်မှု
- ပေါင်းသင်းဆက်ဆံရေးကောင်းခြင်း



သင်ယူရန်စိတ်ဆန္ဒပြင်းပြမှု




ရိုးသားမှုနှင့်သစ္စာရှိမှု




အဖွဲ့တွင်ပူးပေါင်းပါဝင် လုပ်ဆောင်တတ်မှု




ခေါင်းဆောင်ကောင်း




အလုပ်လျှောက်ရာတွင်မည်သို့သောအရည်အချင်းရှိသူကို ဦးစားပေးရွေးချယ်ပါသနည်း ဆိုသောမေးခွန်းအတွက်ဖြေဆိုမှုများကို ရာခိုင်နှုန်းဖြင့်ဖော်ပြရာတွင် အလုပ်ရှင်များ၏ ၇၀ ရာခိုင်နှုန်းသည် အလုပ်ခန့်ရာတွင်သက်ဆိုင်ရာလုပ်ငန်း ခွင်နှင့်ပတ်သတ်သောအသိပညာ၊ အတတ်ပညာများကို ကိုယ်စွမ်းရှိသမျှ၊ ဉာဏ်စွမ်းရှိသမျှကြိုးစားလေ့လာသင်ယူလိုသော သူကိုခန့်ထားချင်ပြီး၊ ၆၂ ရာခိုင်နှုန်း သည် ရိုးသား၍ အဖွဲ့အစည်း (သို့) အလုပ်အပေါ်သစ္စာရှိ သောအလုပ်သမားများကိုလိုချင်သည်။ အလုပ်ရှင်တစ်ဝက်ကျော်သည် အဖွဲ့တွင်ပူးပေါင်း ဆောင်ရွက်နိုင်မှုစွမ်းရည်ရှိသူများကို ကြိုက်နှစ်သက်ပြီး ကျန်တစ်ဝက်ကျော်သည် စီမံခန့်ခွဲနိုင်မှု၊ ခေါင်းဆောင်နိုင်မှု (သို့) လူအများကို ဦးဆောင်နိုင်မှု အရည်အချင်းရှိသူများကို အလုပ်ခန့်ထားလိုသည်။

အချိန်ပြည့်ဝန်ထမ်းအများဆုံးကို ပုဂ္ဂလိကပိုင်ဘဏ္ဍာရေးလုပ်ငန်း၊ အသေးစားလုပ်ငန်းများ ဖြစ်သည့် ရောင်းဝယ်လုပ်ငန်း၊ ဝန်ဆောင်မှုလုပ်ငန်း (ဥပမာ - မိုဘိုင်းဖုန်းရောင်းဝယ်ပြုပြင်ခြင်း၊ မိတ္တူကူးခြင်း၊ ကွန်ပျူတာစာစီစာရိုက်လုပ်ငန်း)၊ ကုန်ထုတ်လုပ်ငန်း (ဥပမာ - သံပန်း၊ သံတခါး၊ စက္ကူနှင့်သံကိုပြန်လည်အသုံးပြုခြင်း) လုပ်ငန်းများတွင်အများဆုံးခန့်ထားပြီး၊ ပုဂ္ဂလိကပိုင် ဆောက်လုပ်ရေးလုပ်ငန်း၊ စားသောက်ကုန်လုပ်ငန်း၊ ကျန်းမာရေးနှင့် အစိုးရပညာရေးဌာန များတွင် မှုအချိန်ပြည့်နှင့် အချိန်ပိုင်းဝန်ထမ်းများကိုခန့်ထားကြောင်းတွေ့ရသည်။ လုပ်ငန်းအမျိုးအစားအလိုက်လုပ်ငန်းလိုအပ်ချက်အရ တချို့လုပ်ငန်းများတွင် အမျိုးသမီး (သို့)

အမျိုးသားများကိုဦးစားပေးခန့်ထားသော်လည်း ယေဘူယျအားဖြင့် အမျိုးသား၊ အမျိုးသမီး အလုပ်အကိုင်ရရှိနိုင်သည့်အခွင့်အလမ်းမှာ တန်းတူရှိသည်။

ပညာရေး၊ ဘဏ္ဍာရေးနှင့် ကျန်းမာရေးဝန်ဆောင်မှု လုပ်ငန်းများတွင်ဘွဲ့ရရှိ ပြီးသူများကို ဦးစားပေးခန့်ထားပြီး ဆောက်လုပ်ရေး လုပ်ငန်းများတွင် အသက်မွေးဝမ်းကျောင်းဆိုင်ရာ လုပ်ငန်းခွင်ကျွမ်းကျင်မှု အောင်လက်မှတ်ရရှိထားသူများနှင့် ဘွဲ့ရရှိပြီးသူများကိုခန့်ထား လေ့ရှိသည်။ ကျန်လုပ်ငန်းရှင်အများစု ဥပမာ- လက်မှုလုပ်ငန်း၊ ကုန်ထုတ်လုပ်ငန်း၊ ရောင်းဝယ်ရေး၊ စားသောက်ကုန်လုပ်ငန်း၊ ဝန်ဆောင်မှုလုပ်ငန်းများတွင် ဘွဲ့ရပြီး လက်တွေ့ လုပ်ငန်းခွင်ကို ကျွမ်းကျင်စွာလုပ်ဆောင်နိုင်သူများကို အများဆုံးခန့်ထားကြောင်းတွေ့ရသည်။

## နိဂုံး

စစ်တမ်းကောက်ယူမှုအရ လက်ရှိမြန်မာနိုင်ငံ အလုပ်သမားဈေးကွက်တွင် ယေဘူယျအားဖြင့် မည်သည့်လုပ်ငန်းအမျိုးအစားတွင်မဆို ဘွဲ့ရရှိပြီးသူများ၏ အရည်အချင်းသည်လက်တွေ့ လုပ်ငန်းခွင်တွင်အသုံးချနိုင်ရန်အားနည်းနေသေးကြောင်း ယေဘူယျအားဖြင့်တွေမြင်ရသည်။ သို့ဖြစ်၍ ဘွဲ့ကြိုမောင်၊မယ်များအနေဖြင့် ကျောင်းတက်ဆဲကာလတွင် ကိုယ့်ရပ်ရွာဒေသများရှိ ပရဟိတလုပ်ငန်းများနှင့် ကျန်းမာရေးဝန်ဆောင်မှုလုပ်ငန်းများတွင်စေတနာ့ဝန်ထမ်းအနေဖြင့် ဝင်ရောက်လုပ်ကိုင်ခြင်း (သို့) မိမိတက္ကသိုလ်၏ အားကစားလှုပ်ရှားမှုများ၊ အနုပညာနှင့် လူမှုရေးအသင်းများတွင်ပါဝင်ခြင်းဖြင့် ၂၁ ရာစုလုပ်ငန်းခွင်အတွက် မရှိမဖြစ်တတ်ထားသင့်သော အရည်အချင်းများဖြစ်သည့် အဖွဲ့လိုက်ပူးပေါင်းဆောင်ရွက်တတ်ခြင်း၊ စဥ်းစားဖြတ်ထိုးဉာဏ်ရှိပြီး ပြဿနာဖြေရှင်းနိုင်ခြင်း၊ တွေးခေါ်ဖန်တီးနိုင်ခြင်းစသောအရည်အချင်းများ တိုးတက်အောင် ဆောင်ရွက်သင့်ပါသည်။ ထို့ပြင် ကွန်ပျူတာကျွမ်းကျင်စွာလက်တွေ့တွင်သုံးတတ်ခြင်း၊ နိုင်ငံခြားဘာသာစကားကျွမ်းကျင်စွာ ရေးတတ်၊ပြောတတ်ခြင်းတို့သည်လည်း လစာကောင်းပြီး အာမခံချက်ရှိသောအလုပ်အကိုင်ရရှိရန် အခွင့်အလမ်းများပိုမိုရရှိသည်။

အစိုးရဝန်ကြီးဌာနများမှအကြီးအကဲများ၊ ပြည်တွင်းနှင့်ပြည်ပကုမ္ပဏီများမှ လုပ်ငန်းရှင်များသည် ခေတ်စနစ်နှင့်အညီ စဥ်ဆက်မပြတ် ကြိုးစားလေ့လာသင်ယူလိုသော အလုပ်သမားများကို အလုပ်ခန့် ထားလိုကြသည်။ မိမိတို့၏ ကျွမ်းကျင်မှုနှင့်အားသာမှုများကိုသိရှိထားခြင်း၊ အလုပ်ခေါ်စာတွင်ဖော်ပြထားသည့် အလုပ်ရှင်လိုချင်သည့် အရည်အချင်းများကို သေချာစွာ ဖတ်ရှုခြင်းဖြင့် အလုပ်လျှောက်ထားသူများသည် မိမိတို့၏လျှောက်လွှာ (သို့) ကိုယ်ရေးအကျဉ်းကို လျှောက်လိုသည့်အလုပ်နှင့် လိုက်လျောညီထွေဖြစ်အောင် ပြင်ဆင်ရေးသားသင့်သည်။ ထိုသို့ပြင်ဆင်ခြင်းဖြင့် အင်တာဗျူးအောင်မြင်ပြီး မိမိတို့ရည်မှန်းထားသော အသက်မွေး ဝမ်းကြောင်းအလုပ်အကိုင်ရရှိရန်အခွင့်အရေးပိုမိုဖြစ်စေနိုင်မည်ဖြစ်သည်။

ထို့အပြင်မြန်မာစီးပွားရေးလျှင်မြန်စွာတိုးတက်လာသည်နှင့်အမျှ ဒေသတွင်းစီးပွားရေးတိုးတက်နှုန်းမှာ တစ်နေရာ နှင့်တစ်နေရာကွာခြားနိုင်သည်။ သို့ဖြစ်ပါ၍ မိမိတို့ဒေသ၏ အလုပ်သမားဈေးကွက်အခြေအနေကိုသိရှိရန် လေ့လာသူများအနေဖြင့်ဒေသတွင်း ထုတ်ဝေသည့်သတင်းစာဖတ်ရှုခြင်း၊ မိသားစု၊ မိတ်ဆွေအပေါင်း အသင်းများနှင့် ဒေသတွင်းအလုပ်အကိုင်အခွင့်အလမ်းများ အကြောင်းဆွေးနွေးခြင်း၊ အသစ်ဖွင့်လှစ်(သို့) ပိတ်သွားသောဈေးဆိုင်အမျိုးအစားများကိုသတိထားလေ့လာကြည့်ခြင်း (ဥပမာ - လွန်ခဲ့သော ၅နှစ်ကျော်ကအင်တာနက်ဆိုင်များကို ဒေသအနှံ့အပြားတွင်တွေ့ရသော်လည်း ယခုအခါတွေ့ရနည်းသွားပြီးလွန်ခဲ့သော ၅နှစ်ကျော်ကမရှိခဲ့သော ပန့်ခါတ်ဆီဆိုင်များ၊ မီနီမတ်များ ယခုအခါအတွေ့များလာခြင်း) ဖြင့်အပြုသဘောဆောင်သော ကိုယ်ပိုင်သုတေသနငယ်တစ်ခုကို ဆောင်ရွက်နိုင်ပါသည်။